





J

မဟူရာဆိုတာ ကြက်နက်မကြီး
တစ်ကောင်ပေါ့။ တစ်နံနက်မှာ
မဟူရာ လမ်းလျှောက်ထွက်တုန်း
တစ်စုံတစ်ရာကို လှမ်းကြည့်ပြီး
အော်ဟစ်လိုက်တယ်။
“ဒီမှာ လာကြပါအုံးရှင်၊
ခြုံပုတ်ကြားမှာ နှာခေါင်းကြီးရှင့်”



ဘဲငန်းမကြီးက “ကြဲကြဲဖန်ဖန်တော်”







ဝက်ကြီးက “စိတ်ကူးယဉ်နေတာလား”


သိုးက “ဂရုစိုက်မနေပါနဲ့ကွာ”
မြင်းက “အဲဒီတော့ ဘာဖြစ်သတုန်း”
နွားကလည်း “ဘာဖြစ်ပြန်ပြီလဲ”လို့
ရေရွတ်ကြတယ်။







မဟူရာက ဆက်ပြောတယ်။ ။ ။
“ခြံပုတ်ကြားမှာ နှာခေါင်းကြီးနဲ့
မျက်စိနှစ်လုံး ပေါ်လာပြီရှင့်”




ဘဲငန်းမကြီးက “ကြဲကြဲဖန်ဖန်တော်”
ဝက်ကြီးက “စိတ်ကူးယဉ်နေတာလား”
သိုးက “ဂရုစိုက်မနေပါနဲ့ကွာ”
မြင်းက “အဲဒီတော့ ဘာဖြစ်သတုန်း”
နွားကလည်း “ဘာဖြစ်ပြန်ပြီလဲ”လို့ ရေရွတ်ကြတယ်။





le


မဟူရာက ထပ်ပြောတယ် . . .
“ခြုံပုတ်ကြားမှာ နှာခေါင်းကြီး၊ မျက်စိနှစ်လုံးနဲ့
နားရွက်နှစ်ဘက် ပေါ်လာပြီရှင့်”




ဘဲငန်းမကြီးက “ကြံကြံဖန်ဖန်တော်”
ဝက်ကြီးက “စိတ်ကူးယဉ်နေတာလား”
သိုးက “ဂရုစိုက်မနေပါနဲ့ကွာ”
မြင်းက “အဲဒီတော့ ဘာဖြစ်သတုန်း”
နွားကလည်း “ဘာဖြစ်ပြန်ပြီလဲ”လို့ ရေရွတ်ကြတယ်။



Ge






မဟူရာက ထပ်ပြောတယ်။ ။ ။
“ခြံပုတ်ကြားမှာ နှာခေါင်းကြီး၊ မျက်စိနှစ်လုံး၊
နားရွက်နှစ်ဘက်နဲ့ ခြေနှစ်ချောင်း ပေါ်လာပြီရှင့်”



ဘဲငန်းမကြီးက “ကြဲကြဲဖန်ဖန်တော်”
ဝက်ကြီးက “စိတ်ကူးယဉ်နေတာလား”
သိုးက “ဂရုစိုက်မနေပါနဲ့ကွာ”
မြင်းက “အဲဒီတော့ ဘာဖြစ်သတုန်း”
နွားကလည်း “ဘာဖြစ်ပြန်ပြီလဲ”လို့
ရေရွတ်ကြတယ်။









မဟူရာက ထပ်ပြောတယ်။ ။ ။
“ခြံပုတ်ကြားမှာ နှာခေါင်းကြီး၊ မျက်စိနှစ်လုံး၊
နားရွက်နှစ်ဘက်၊ ခြေနှစ်ချောင်းနဲ့
ခန္ဓာကိုယ်ကြီး ပေါ်လာပြီရှင့်”

ဘဲငန်းမကြီးက “ကြဲကြဲဖန်ဖန်တော်”
ဝက်ကြီးက “စိတ်ကူးယဉ်နေတာလား”
သိုးက “ဂရုစိုက်မနေပါနဲ့ကွာ”
မြင်းက “အဲဒီတော့ ဘာဖြစ်သတုန်း”
နွားကလည်း “ဘာဖြစ်ပြန်ပြီလဲ”လို့ ရေရွတ်ကြတယ်။




JJ








မဟူရာက ထပ်ပြောတယ်။ ။ ။
“ခြံပုတ်ကြားမှာ နှာခေါင်းကြီး၊ မျက်စိနှစ်လုံး၊
နားရွက်နှစ်ဘက်၊ ခြေနှစ်ချောင်းနဲ့
ခန္ဓာကိုယ်ကြီးအပြင် အမြီးပါ ပေါ်လာပြီရှင့်”
“မြေခွေးကြီးတော့! မြေခွေးကြီးတော့!”လို့
အော်ရင်း အနီးကသစ်ပင်ပေါ် ပျံတက်လိုက်တယ်။



ဘဲငန်းမကြီးက “အမလေးတော်!”
ဝက်ကြီးက “ဒုက္ခပါပဲ!”
သိုးက “အမေရေ!”
မြင်းက “ကယ်ကြပါဦး” လို့ အော်လိုက်ပေမယ့်





နွားကြီးကတော့ “ဝမ်းဘဲ!”လို့ ကျယ်လောင်တဲ့
အသံနဲ့အော်လိုက်ရော မြေခွေးလည်း
ကြောက်အားလန့်အားနဲ့ ထွက်ပြေးသွားပါလေရော။



သူတို့အားလုံးလည်း အံ့အားသင့်ပြီး
စကားမပြောဘဲ အကြာကြီး
တိတ်ဆိတ်နေကြတယ်။



